# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ
# Income Restoration Program in Thilawa

## မကျေနပ်မှုဆိုင်ရာဖြေရှင်းသည့်ယန္တရားများဖြစ်သော TCMP နှင့် CD-OGM တို့အကြောင်းဆွေးနွေးခြင်း (၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)




သီလဝါအထူးစီးပွားရေးဇုန်မကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း(TCMP) လူထုဆက်ဆံရေးအဖွဲ့သည် လူထုပါဝင်အသုံးပြုနိုင်သော မကျေနပ်မှုဆိုင်ရာဖြေရှင်းသည့်ယန္တရား(CD-OGM) ဒီဇိုင်းကော်မတီအဖွဲ့ဝင်များနှင့်၂၀၁၈ခုနှစ် ဒီဇင်ဘာလ၄ရက်နေ့တွင်တွေ့ဆုံမှုပြုလုပ်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲတွင် TCMP နှင့် CD-OGM တို့၏ဖြစ်ပေါ်လာပုံ၊ အတွေးအခေါ်ယူဆချက်များ၊ မကျေနပ်မှုများအတွက်ပိုမိုကောင်းမွန်သောဖြေရှင်းဆောင်ရွက်ချက်များရရှိလာစေရန်အတွက် လက်ရှိကြုံးစားဆောင်ရွက်နေသော အကြောင်းအရာများနှင့်အတူယန္တရား၂ခုလုံး၏တူညီသောလုပ်ဆောင်ချက်များနှင့်ကွဲပြားသော ဆောင်ရွက်ချက်များအား နားလည်သဘောပေါက်စေရန် ဆွေးနွေးခဲ့ကြပါသည်။

## Sharing the information about grievance mechanisms CDOGM and TCMP on 4th December, 2018




A meeting between Community Relation Tram (CRT) of Thilawa Complain Management Procedure (TCMP) and design committee members of Community Driven Organizational Grievance Mechanism (CD-OGM) was made on 4th December 2018. Total 14 people attended the meeting. During the meeting, participants shared the concepts of TCMP and CDOGM including the commons and differences of mechanisms and current facing issues to get the best resolutions.

## လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးပြုလုပ်ခြင်း (၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်)




၂၀၁၈ခုနှစ်ဒီဇင်ဘာလ(၉)ရက်နေ့တွင်ဇုန်ဘီပြန်လည်နေရာချထားရေးနေရာ၌စီမံကိန်းကြောင့်ထိခိုက်သောသူများနှင့်အစည်းအဝေးပြုလုပ်ခဲ့ကြပါသည်။အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာပြန်လည်နေရာချထားရေးနေရာနှင့်သက်ဆိုင်သောကိစ္စရပ်များအားဆွေးနွေးရန်ဖြစ်ပါသည်။အဆိုပါအစည်းအဝေးပွဲသို့TSMCမှအဖွဲ့ဝင်များ၊လူထုဆက်ဆံရေးအရာရှိ၊ ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှစုစုပေါင်း(၆၀)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲတွင်ဇုန်(ဘီ)ပြန်လည်နေရာချထားသောနေရာသို့အမှိုက်ကားလာရောက်သိမ်းဆည်းခ၊လမ်းမီးမီတာခနှင့်သံဓာတ်ဖယ်ရှားသောရေကန်သန့်ရှင်းရေးတို့အတွက်ကုန်ကျစရိတ်များကိုTSMCမှတစ်နှစ်ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ရေမြောင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့်ပျက်စီးနေသောခြံစည်းရိုးများကိုလည်းပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ထို့နောက်တက်ရောက်လာသောစီမံကိန်းကြောင့်ထိခိုက်သူများမှတင်ပြလိုသောကိစ္စရပ်များအားCROနှင့်ဆွေးနွေးခဲ့ကြပါသည်။

## Community consultation meeting was held on 9th December 2018




Community consultation meeting with Zone B PAPs was held at Zone B relocation site on 9th December 2018. The purpose of the meeting is to discuss about the relocation site and other PAP related issues. Total 60 people including the members of TSMC, Community Relation Officer (CRO), JET and PAPs attended the meeting. TSMC will provide all the charges of the garbage collection, street lights electricity and water supply system within one year. Moreover, TSMC has a plan to start the drainage cleaning project and fence renovation. After that, PAPs raised their issues and discussed together with the CRO.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## စတုတ္ထအကြိမ်မြောက် လူထုဆက်ဆံရေးနှင့်သက်ဆိုင်သောဆွေးနွေးပွဲ ကျင်းပခြင်း (၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၁၂ရက်)





စတုတ္ထအကြိမ်မြောက်လူထုဆက်ဆံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၈ခုနှစ်၊ဒီဇင်ဘာလ၊၁၂ရက်နေ့တွင်မြန်မာဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်အစည်းအဝေးခန်းမ၌ပြုလုပ်ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ဧည့်သည်အဖြစ်ဖိတ်ကြားထားသော မီဒီယာအကြံပေးပုဂ္ဂိုလ်မစ္စတာဟီရိုဟုမိအိုဂတ၊သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီမှအဖွဲ့ဝင်များ၊ MJTD မှအရာရှိများ၊ သီလဝါအထူးစီးပွားရေးဇုန်တွင်ရင်းနှီးမြှုပ်နှံသူများနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှ တက်ရောက်ခဲ့ကြပါသည်။ ပထမဦးစွာ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ သတင်းထုတ်ပြန်ချက်မျှဝေခြင်းစနစ်နှင့်အလုပ်အကိုင်ချိတ်ဆက်ခြင်းနည်းလမ်းများအားမိတ်ဆက်ရှင်းလင်းခဲ့ပါသည်။ထို့နောက်မစ္စတာဟီရိုဟုမိအိုဂတမှမိတ်ဆက်စကားပြောကြားကာသတင်းထုတ်ပြန်ချက်နှင့်လူထုဆက်ဆံရေးအကြောင်းအရာများအားရှင်းလင်းမျှဝေခဲ့ပါသည်။

## $4^{th}$ Public Relation Seminar was held on $12^{th}$ December 2018




The $4^{th}$ Public Relations Seminar was held at MJTD meeting room on $12^{th}$ December, 2018. Total 18 participants including JICA Expert Team, members of Thilawa Special Economic Zone Management Committee, officers from MJTD, Thilawa SEZ investors and the guest speaker Mr. Hirohumi Ogata, media consultant attended the seminar. Firstly, TSMC gave the opening remarks and introduced the TSMC new project which includes Job Matching Support Procedure and News Release Sharing Platform. After that Mr. Hirohumi Ogata gave the lecture about Press Release and Public Relations.

## မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်နှင့်သက်ဆိုင်သော ဒုတိယအကြိမ်မြောက်ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း (၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၃ရက်)




မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်နှင့်ပတ်သက်သောဒုတိယအကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၀၁၈ခုနှစ် ဒီဇင်ဘာလ(၁၃)ရက်နေ့တွင်ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်နှင့်ပတ်သက်သောဆောင်ရွက်မှုများအား ဆွေးနွေးရန်ဖြစ်သည်။အစည်းအဝေးပွဲတွင် ဇုန်ဘီပြန်လည်နေရာချထားရေးနေရာတွင် လူထုဖွံ့ဖြိုးရေးစင်တာတည်ဆောက်ရန်၊ ငွေစုငွေချေးကိစ္စရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊အားနည်းသောအိမ်ထောင်စုများကိုထောက်ပံ့ခြင်းအစီအစဉ်၊ ဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိ လမ်းပြုပြင်ရေးကိစ္စများ၊ ဇုန်အေစီမံကိန်းကြောင့်ထိခိုက်သူများအတွက်စိုက်ပျိုးမွေးမြူရန်ပေးအပ်ထားသည့် ဘုံမြေ(၃)ဧကနှင့်သက်ဆိုင်သောကိစ္စရပ်များအပါအဝင်ဧရိယာ(၂-၂)အရှေ့မှ စီမံကိန်းကြောင့်ထိခိုက်သူများကိုပြန်လည်နေရာချထားမည့်အကြောင်းအရာများအားဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။

## $2^{nd}$ IRP regular meeting was held on $13^{th}$ December 2018




$2^{nd}$ IRP regular meeting among Yangon Regional Government (YRG), JICA (Myanmar) and TSMC was held on $13^{th}$ December 2018. The purpose of the meeting is to discuss about Income Restoration Program (IRP) activities for Thilawa SEZ project affected people (PAPs). The discussion mainly includes the proposed building of community center at Zone B relocation site, creating the job opportunities, Microfinance support, finding the solution of 3 acres common land issue at Zone A relocation site, Vulnerable People Program (VPP), road repairing and the resettlement for PAPs from Zone B Area (2-2) East.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## ဇုန်ဘီပြန်လည်နေရာချထားသောနေရာရှိအားနည်းသော အိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ် (၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၂၁ရက်)





မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့်လစဉ်ပြုလုပ်နေကြဖြစ်သောအားနည်းသောမိသားစုထောက်ပံ့ခြင်းအစီအစဉ်အား ၂၀၁၈ခုနှစ် ဒီဇင်ဘာလ(၂၁)ရက်နေ့တွင် ဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာ၌ ပြုလုပ်ခဲ့ပါသည်။ယခုလအတွက် အိမ်ထောင်စု(၁၈)စုမှ မိသားစုဝင်၅၅ဦးအားဆန်နှင့်ဆီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

## Vulnerable People Program for December was provided on 21st December 2018



As a part of income restoration program activities, monthly provision for vulnerable families was made on 21st December 2018 at Zone B relocation site. Total 55 family members from 18 households were supported for this month.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649